Message Seven

# ဘုရားသခင်က ဒေဗောရကို အစ္စရေး၏ တရားသူကြီးအဖြစ်လည်းကောင်း၊ အစ္စရေး၌ မိခင်အဖြစ်လည်းကောင်း နိုးထထွက်ပေါ်စေပြီး၊ သူမသည် ဘုရားသခင်၏ စီမံထားခြင်းကို စောင့်ထိန်းရန်အလို့ငှာ ယောကျ်ားထံသို့ မိန်းမ၏ ဝန်ခံခြင်းကို လက်တွေ့လုပ်ဆောင်သူနှင့် အစ္စရေးလူများအားလုံးကို ဘုရားသခင်၏ ဘုရင်အရိုက်အရာနှင့် ဦးခေါင်းတော်အရာအောက်သို့ မှန်ကန်သင့်လျော်စွာ အစီအစဉ်တကျ ခေါ်ဆောင်လာသောသူဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ သူကြီး ၄ - ၅

**I. တရားသူကြီးများစာစောင်က အစ္စရေးတို့သည် ကိုယ်တော်ကို သူတို့၏ရှင်ဘုရင်အဖြစ်မှ ငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်ကို ပြစ်မှားစော်ကားခဲ့ကြကြောင်း ပြသထားသည်။ ဘုရားသခင်၏အမြင်၌ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ရှင်ဘုရင်၊ ကျွန်ုပ်တို့၏သခင်၊ ကျွန်ုပ်တို့၏ဦးခေါင်း၊ ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ်မှ ငြင်းပယ်ခြင်းသည် ကြီးစွာသော ဆိုးယုတ်မှု၊ ကြီးစွာသော ဆိုးညစ်မှုဖြစ်သည် - ၁ရှမွေ၊၈း၇။ ၁၂း၁၇၊ ၁၉။ သူကြီး၊၂၁း၂၅။ ၁၇း၆။ လု၊၁၉း၁၁-၁၄။ ယေ၊၁၁း၁၃။ ယေဇ၊၁၆း၂၄။**

A. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ရှင်ဘုရင်၊ ကျွန်ုပ်တို့၏သခင်၊ ကျွန်ုပ်တို့၏ဦးခေါင်း၊ ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် စဉ်ဆက်မပြတ် ယူဆောင်ခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိသင့်သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းသူများနှင့် အသင်းတော်များအားလုံးထံ ကောင်းချီးမင်္ဂလာ၏လမ်းကြောင်း ဖြစ်စေနိုင်မည်ဖြစ်သည် -မ၊၂း၂။ ယော၊ ၁း၄၉။ ဟေဗြဲ၊၇း၂။ ဟေရှာ၊၃၂း၁-၂။ ၃၃း၂၂။ ဖိ၊၂း၉-၁၁။ ရော၊၁၄း၆-၉။ ၂ကော၊၄း၅။ ကော၊၂း၁၉။ ဧ၊၁း၂၂-၂၃။ ၂ကော၊၁၁း၂-၃။ ဟောရှေ၊၂း၁၉-၂၀။ စာရင်း၊၆း၂၃-၂၇။ ဆာ၊၁၂၈း၅။ ၄၈း၂။

B. မဿဲ ၁း၁ တွင် ခရစ်တော်ကို “ဒါဝိဒ်၏သား၊ အာဗြဟံ၏သား”အဖြစ် ပြောထားသည်။

1. ကျွန်ုပ်တို့သည် ပုန်ကန်ခြင်းကြောင့် ကျွန်ုပ်တို့ နောင်တရရန်နှင့် ခရစ်တော်ကို ဒါဝိဒ်၏သားတော်အဖြစ် တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏အခွင့်အာဏာအဖြစ်၊ ကျွန်ုပ်တို့၏ အုပ်စိုးရှင်နှင့် ရှင်ဘုရင်အဖြစ် လက်ခံရယူရန် လိုအပ်သည်၊ သို့မှသာ ကိုယ်တော်သည် ဘုရားသခင်၏နိုင်ငံတော်၌ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့အပေါ် အစိုးရနိုင်မည်ဖြစ်သည်။

2. ကျွန်ုပ်တို့၌ ခရစ်တော်ကို ဒါဝိဒ်၏သားတော်၊ သာ၍ကြီးမြတ်သော ရှောလမုန်အဖြစ် ရရှိမည်ဆိုလျှင်၊ ကိုယ်တော်ကို အာဗြဟံ၏သား၊ စစ်မှန်သော ဣဇာက်အဖြစ်လည်း ရရှိလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ရှင်ဘုရင် (ဒါဝိဒ်၏သားတော်) အဖြစ် ယူဆောင်လေလေ၊ ကိုယ်တော်၏အုပ်စိုးမှုအောက်၌ ကျွန်ုပ်တို့ရှိလေလေဖြစ်ကာ၊ ကိုယ်တော်၏ အုပ်စိုးမှု အောက်၌ ကျွန်ုပ်တို့ရှိလေလေ၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ ကောင်းချီးမင်္ဂလာ (အာဗြဟံ၏သား) အဖြစ် မွေ့လျော်ဝမ်းမြောက်လေလေဖြစ်ကြောင်း ဆိုလိုသည်။ ဤသည်မှာ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားသည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် ပြီးမြောက်ပြည့်စုံခြင်း ကောင်းချီးမင်္ဂလာဖြစ်သည် - အငယ်၊၁။ ဂလ၊၃း၁၄၊ ၁၆၊ ၂၉။

3. ဤအရာက ကျွန်ုပ်တို့ကို သန့်ရှင်းသူများ၏ တိုးတက်မှု (အသက်၌ သူတို့၏ ကြီးထွားမှု) နှင့် ယုံကြည်ခြင်းကို သူတို့မွေ့လျော်ဝမ်းမြောက် (ခရစ်တော်ကို သူတို့မွေ့လျော်ဝမ်းမြောက်မှု) အတွက် ကောင်းချီးမင်္ဂလာ၏ လမ်းကြောင်းများဖြစ်လာစေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများအား ကောင်းချီးပေးရန် ခေါ်ခြင်းခံရပြီဖြစ်ပြီး၊ ကောင်းချီးခံရသောလူများအနေဖြင့် ကျွန်ုပ်တို့သည် အခြားသူများကို အမြဲကောင်းချီးပေးသင့်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာကို အမွေရရှိမည်ဖြစ်သည် - ဖိ၊၁း၂၅။ ၁ပေ၊၃း၉။

**II. ဘုရားသခင်သည် ဒေဗောရကို အစ္စရေး၏တရားသူကြီးအဖြစ် နိုးထထွက်ပေါ်စေပြီး၊ သူမသည် ဘုရားသခင်၏ စီမံထားခြင်းကို စောင့်ထိန်းရန်အလို့ငှာ ယောကျ်ားထံသို့ မိန်းမ၏ ဝန်ခံခြင်းကို လက်တွေ့လုပ်ဆောင်သူနှင့် အစ္စရေးလူများအားလုံးကို ဘုရားသခင်၏ ဘုရင်အရိုက်အရာနှင့် ဦးခေါင်းတော်အရာအောက်သို့ မှန်ကန်သင့်လျော်စွာ အစီအစဉ်တကျ ခေါ်ဆောင်လာသောသူ ဖြစ်သည် - သူကြီး၊၄ - ၅။**

A. အစ္စရေးအမျိုးသားတို့သည် ဧဟုဒ သေသောနောက် ယေဟောဝါ၏ရှေ့တော်၌ ဒုစရိုက်ကို တစ်ဖန်ပြုခဲ့ကြသည် (၄း၁)၊ ထို့ကြောင့် ယေဟောဝါသည် အစ္စရေးကို ခါနန်ရှင်ဘုရင်ရာဘိန် လက်ထဲသို့ ရောင်းတော်မူ၏၊ သူ၏စစ်တပ်မှ ဗိုလ်ချုပ်မင်းမှာ သိသရဖြစ်သည်။ သူ၌ သံရထား ကိုးရာရှိပြီး၊ သူသည် အစ္စရေးကို အနှစ်နှစ်ဆယ်ပတ်လုံး ပြင်းထန်စွာ ဖိနှိပ်ညှဉ်းဆဲခဲ့သည် - အငယ်၊၂၊ ၃၈။

B. တရားသူကြီး ၄ အချိန်၌ အစ္စရေးလူများသည် ဘုရားသခင်စီမံထားသော ဦးဆောင်မှုအရိုက်အရာ၏ လုပ်ဆောင်မှု၌ ရှုံးနိမ့်နေခဲ့ကြသည်။ ဤအရာက ဘုရားသခင်အဖို့ သာမန်ထက်ထူးကဲသော၊ ပုံမှန်မဟုတ်သော တစ်စုံတစ်ရာကို လုပ်ဆောင်ရန် တွန်းအားဖြစ်စေကာ၊ အမျိုးသမီးဖြစ်သည့် ဒေဗောရကို အစ္စရေး၏ တရားသူကြီးအဖြစ် နိုးထထွက်ပေါ်စေခဲ့သည်။ ထိုကဲ့သို့သော အမျိုးသမီးကို နိုးထထွက်ပေါ်စေခြင်းက အစ္စရေး၏ အခြေအနေတစ်ခုလုံးကို ပြောင်းလဲစေခဲ့သည် - အငယ်၊၄-၅။

C. အစ္စရေးအမျိုးသားတို့သည် ယေဟောဝါထံသို့ အော်ဟစ်ကြပြီး (အငယ်၊၃က)၊ ပရောဖက်မ ဖြစ်သော ဒေဗောရသည် အစ္စရေး၏တရားသူကြီးအဖြစ် နိုးထထွက်ပေါ်လာခဲ့သည်။ သူမသည် ဒေဗောရစွန်ပလွံပင်အောက်မှ ထိုင်၍၊ အစ္စရေးအမျိုးသားတို့သည် တရားစီရင်ခြင်းအတွက် သူမထံသို့ တက်သွားကြသည် (အငယ်၊၄-၅)။

D. သမ္မာကျမ်းစာ၌ မှန်ကန်သင့်လျော်သည့် မိန်းမသည် ဘုရားသခင်ထံသို့ ဝန်ခံခြင်းရှိသောသူ၊ ဘုရားသခင်၏စီမံထားခြင်းကို စောင့်ထိန်းသောသူကို ရည်ညွှန်းသည်။ ဤသည်မှာ အစ္စရေးတို့သည် ဦးစွာ ဘုရားသခင်ကို သူမ၏ရှင်ဘုရင်၊ သူမ၏သခင်၊ သူမ၏ဦးခေါင်း၊ သူမ၏ခင်ပွန်းအဖြစ် ယူဆောင်သင့်သည့် အနေအထားဖြစ်သည်၊ သို့သော် အစ္စရေးသည် ဘုရားသခင်၏စီမံထားမှုကို ချိုးဖောက်ခဲ့ကာ၊ ဘုရားသခင်၏ဇနီးအဖြစ် သူမ၏အနေအထားကို စွန့်လွှတ်ပြီး၊ ရာပေါင်းများစွာသော ရုပ်တုများအတွက် ကိုယ်တော်ကို ငြင်းပယ်ခဲ့သည်။ ဤအရာက အစ္စရေးကို ဝမ်းနည်းစိတ်ပျက်ဖွယ် အနေအထားနှင့် အခြေအနေအထဲသို့ ကျရောက်သွားစေခဲ့သည်။

1. ရှံဆုန်သည် သူ၏မိခင်ဝမ်းထဲမှစ၍ သူအသက်တာ တစ်လျှောက်လုံးအတွက် နာဇရိလူဖြစ်ခဲ့သည်။ နာဇရိလူသည် မိမိ၏ဆံပင်ကို အရှည်ထားရမည်၊ ယင်းမှာ သူသည် သခင်ဘုရား၏ ဦးခေါင်းအရိုက်အရာသို့ ဝန်ခံခြင်း၌ တည်မြဲနေရမည်ဖြစ်ကြောင်း၊ ၎င်းသည် တန်ခိုးဖြစ်ကြောင်း ရည်ညွှန်းသည် - စာရင်း၊၆း၅။ သူကြီး၊၁၆း၁၇။ ၁ကော၊၁၁း၃-၆၊ ၁၀၊ ၁၅။
2. သို့သော် ဒေလိလသည် သူမ၏စကားများဖြင့် နေ့စဉ် သူ့ကို ဖိအားပေးကာ၊ "သူ့စိတ်သည် သေလုမတတ်" ဖြစ်သည့်တိုင် သူ၏တန်ခိုး လျှို့ဝှက်ချက်ကို သူမအား ပြောပြရန် ပူဆာခဲ့သည်(သူကြီး၊၁၆း၁၆)။ စာတန်၏ သည်းခံနိုင်မှုကုန်ဆုံးစေသည့် နည်းဗျူဟာကြောင့် ရှံဆုန်သည် စာတန်၏ထောင်ချောက်အထဲသို့ ကျရောက်သွားကာ၊ သူ၏ဆံပင်ကို ဒေလိလက ရိတ်ပစ်လိုက်ပြီး၊ သူသည် ဖိလိတ္တိလူတို့အားဖြင့် ဖမ်းဆီးခြင်း ခံရ၍၊ သူ၏နာဇရိလူ ဆက်ကပ်အပ်နှံခြင်း၊ သူ၏တန်ခိုး၊ သူ၏သန့်ရှင်းစင်ကြယ်ခြင်း သက်သေခံချက်နှင့် ဘုရားသခင်၏ မျက်မှောက်တော်ကို ဆုံးရှုံးခဲ့ရသည် (၁၊၇း၂၅)။
3. ယုံကြည်သူများသည် ဘုရားသခင်အားဖြင့် ခန့်အပ်ထားသည့် ကိုယ်စားပြုအခွင့်အာဏာများထံ ဝန်ခံခြင်း မရှိသင့်ပါဟူသော ခြားနားသည့်၊ မှားယွင်းသည့် သွန်သင်ခြင်းကို လက်ခံယူသောသူတို့သည် ဤသွန်သင်ခြင်းအားဖြင့် ဖျက်ဆီးခံရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့နှင့်အတူ (အထူးသဖြင့် လက်ထပ်ပြီးသော ညီအစ်မများနှင့်အတူ - ဧ၊၅း၂၂-၂၄) ဝန်ခံတတ်သော ဝိညာဉ်၊ ရုပ်တည်မှု၊ အခြေအနေနှင့် ရည်ရွယ်ချက် ရှိသင့်ပါသည်။ သင်သည် ထိုသို့သောသူဖြစ်မည်ဆိုလျှင်၊ သင်နှင့် သင်၏အနာဂတ်အတွက် ကြီးစွာသော ကောင်းချီးမင်္ဂလာ ရှိလိမ့်မည်ဖြစ်သည်။

E. တရားသူကြီး ၅ ရှိ ဒေဗောရ၏ သီချင်းကို ဖတ်ခြင်းအားဖြင့် သူမသည် စွမ်းဆောင်ရည်၊ တတ်စွမ်းနိုင်မှု၊ ထိုးထွင်းသိမြင်မှုနှင့် အမြော်အမြင်တို့ဖြင့် ပြည့်ဝသူဖြစ်သည်၊ သို့သော် ထူးကဲကောင်းမွန်သော၊ စွမ်းဆောင်ရည်ရှိသော ပုဂ္ဂိုလ်သည် အလွန်နာခံသူ

ဖြစ်သည်။ ဘုရားသခင်က သူမကို ခေါင်းဆောင်ဖြစ်စေခဲ့သည်၊ သို့သော် သူမသည် မှန်ကန်သင့်လျော်သည့် အစီအစဉ်တကျ ဖြစ်ခြင်းကို စောင့်ထိန်းကာ၊ ဗာရက်ကို သူမ၏ ကွယ်ကာရာအဖြစ် ယူဆောင်ခဲ့သည် - ၄း၆-၉။ ညွှန်း၊ ၁ကော၊၁၁း၃-၆၊ ၁၀။

F. ဒေဗောရသည် သူမ၏ကွယ်ကာရာဖြစ်စေရန် လူယောက်ျားကို လိုအပ်ကြောင်း သိနားလည်ခဲ့သည်။ ပေါလုက ၁ကောရိန္သု ၁၁း၃ တွင် "ခရစ်တော်သည် ယောက်ျားတိုင်း၏ ဦးခေါင်းဖြစ်သည်ကိုလည်းကောင်း၊ ယောက်ျားသည် မိန်းမ၏ဦးခေါင်း ဖြစ်သည်ကို လည်းကောင်း၊ ဘုရားသခင်သည် ခရစ်တော်၏ဦးခေါင်း ဖြစ်တော်မူသည်" ဟု ပြောခဲ့သည်။

G. ဤထူးကဲကောင်းမွန်သော၊ သာမန်ထက်ထူးခြားသော အမျိုးသမီးသည် လူယောက်ျားထံသို့ မိန်းမ၏ဝန်ခံခြင်းကို လက်တွေ့ လုပ်ဆောင်ရန် ဦးဆောင်ခဲ့သည့်အခါ၊ တိုင်းပြည်တစ်ခုလုံးသည် ထူးကဲကောင်းမွန်သော၊ မှန်ကန်သင့်လျော်သော အစီအစဉ် တကျဖြစ်ခြင်းအထဲသို့ ရောက်လာခဲ့သည်။ ခေါင်းဆောင်များအားလုံးသည် ဦးဆောင်မှုပြုကြပြီး၊ လူများအားလုံးသည် နောက် လိုက်ကြကာ၊ စစ်တပ်သည် ဖွဲ့စည်းခြင်း ရှိခဲ့သည်။ လူတိုင်းသည် ယေဟောဝါရှေ့တော်၌ မိမိ၏ မှန်ကန်သင့်လျော်သည့် အနေ အထားသို့ ပြန်လာခဲ့ကြသည်။

H. ထို့ကြောင့် ဒေဗောရသည် သူမ၏သီချင်း၌ "အစ္စရေးအမျိုး၌ ခေါင်းဆောင်တို့သည် ဦးဆောင်သောကြောင့်လည်းကောင်း၊ / လူများတို့သည် မိမိဆန္ဒအလျောက် ကိုယ့်ကိုယ်ကိုယ် ပေးလှူသောကြောင့်လည်းကောင်း၊ / ယေဟောဝါ ... ကို ကောင်းချီးပေး ကြလော့။ / ထိုအခါ ကျန်ကြွင်းသော သူရဲကြီးတို့သည် ဆင်းကြ၏။ / ယေဟောဝါ၏လူတို့သည် ငါနှင့်အတူ အစွမ်းတန်ခိုးကြီး သော သူတို့ကို ဆန့်ကျင်တိုက်ခိုက်ရန် ဆင်းကြ၏" ဟု ဆိုနိုင်ခဲ့သည် - သူကြီး၊၅း၂၊ ၁၃။

I. အသင်းတော်၌ ညီအစ်မများ၏ ပထမဦးဆုံးနှင့် အကြီးမြတ်ဆုံး လုပ်ဆောင်ချက်မှာ ဝန်ခံခြင်းရှိရန်ဖြစ်သည်။ ညီအစ်မများ သည် ဤသင်ခန်းစာကို သင်ယူနိုင်မည်ဆိုလျှင် အသင်းတော်သည် သန်စွမ်းလာမည်၊ ကြွယ်ဝလာမည်၊ အသစ်ပြုပြင်ခြင်းရှိ မည် ဖြစ်သည်။

1. ဝန်ခံခြင်းရှိရန် အသက်၏မစမှု၊ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်မှု၊ ကားတိုင်၏ လုပ်ဆောင်မှုနှင့် အတ္တကို ငြင်းပယ် ခြင်းတို့ လိုအပ်သည်။
2. ခရစ်တော်နှင့် ပြည့်ဝသောသူများသည် ဝန်ခံခြင်းဖြင့် ပြည့်ဝသောသူဖြစ်သည်။ မိမိအသက်တော် တစ်လျှောက်၌ ဝန်ခံ ခြင်းရှိခဲ့သော သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ ဝန်ခံခြင်းနှင့် နာခံခြင်းအသက်ကို ပေးထားခဲ့သည် - ဖိ၊၂း၅- ၁၁။ ဟေဗြဲ၊၅း၇-၉။
3. ညီအစ်မတစ်ဦးသည် ညီအစ်ကိုတစ်ဦးကို လက်ထပ်ထိမ်းမြားခြင်းမှာ သူမသည် မိမိကိုယ်ကို ဆက်ကပ်ပူဇော်ကာ "ကျွန်ုပ် သည် ဝန်ခံရန် လိုလားဆန္ဒရှိသည်"ဟု ပြောဆိုကြောင်း ဆိုလိုသည်။ ညီအစ်မတစ်ဦးသည် သူမ လက်ထပ်ရန် ရည်ရွယ် ထားသည့်သူထံ ဝန်ခံခြင်းငှာ သူမ၏စိတ်နှလုံး၌ ဘယ်သောအခါမှ ရည်ရွယ်မထားခဲ့လျှင်၊ သူမသည် ထိုသူ၏ဇနီးမဖြစ် သင့်ပါ၊ ထိုသူကို လက်ထပ်ခြင်း မပြုသင့်ပါ - ဧ၊၅း၂၂-၂၃။ ၁ပေ၊၃း၁-၆။

## III. ဒေဗောရသည် အစ္စရေး၏ တရားသူကြီးအဖြစ်သာကာ၊ အစ္စရေး၌ မိခင်အဖြစ်လည်း ထွက်ပေါ်လာခြင်းဖြစ်သည် - သူကြီး၊၅း၇။

A. အသင်းတော်အသက်တာသည် လက်တွေ့ကျခြင်း၌ အထွတ်အထိပ် ရောက်လာသောအခါ၊ အသင်းတော်တိုင်း၌ စစ်မှန်သော မိခင်အချို့ရှိလာသင့်ပါသည်။ ရောမ ၁၆း၁၃ တွင် ပေါလုက "သခင်ဘုရား၌ ရွေးချယ်ခံရသော ရုဖုနှင့် သူ၏အမိ တည်းဟူသော ငါ၏ အမိကို နှုတ်ဆက်ကြလော့" ဟု ပြောခဲ့သည်။

1. တမန်တော်ပေါလုသည် မိခင်ကို လိုအပ်ခဲ့သည်။ သူတို့ကို ဂရုစိုက်ခြင်းငှာ မိခင်အဖြစ် ညီအစ်မ မရှိခဲ့လျှင် သခင်ဘုရား၏ အစေခံခြင်းအတွက် ဝန်တာကို ထမ်းဆောင်နေကြသောသူအားလုံးသည် ဝမ်းနည်းသောကရောက်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်ရေးရာမိခင်များ၏ ဂရုစိုက်ခြင်းကို လိုအပ်ပြီး၊ သူတို့၏ဂရုစိုက်ခြင်းသည် ကျွန်ုပ်တို့၏ စစ်မှန်သော ကျွေးမွေးပေးခြင်းနှင့် ကျွန်ုပ်တို့၏စစ်မှန်သော အကွယ်အကာဖြစ်သည်။
2. ပေါလုတွင် ဝိညာဉ်ရေးရာမိခင်ရှိခြင်းမှာ ရောမမြို့ရှိ အသင်းတော်အသက်တာမှ သန့်ရှင်းသူများသည် ခရစ်တော်၏ ကား တိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ပို့လွှတ်ဖြန့်ဖြူးသော အသက်ရှိကြကြောင်း ရည်ညွှန်းသည်။

အသက်ကို ပို့လွှတ်ဖြန့်ဖြူးခြင်းရှိရန် အကောင်းဆုံးသောနည်းလမ်းမှာ ပေါလု၏ စံနမူနာနောက်သို့ လိုက်ခြင်းအားဖြင့် ဖြစ်သည်၊ သူသည် အခြားမည်သည့်အရာကိုမျှ မသိလိုဘဲ၊ အရာအားလုံးပါဝင်သောခရစ်တော်၊ ဤကားတိုင်ပေါ်အသေခံခဲ့သောအရှင်ကိုသာ သိကျွမ်းရန် စိတ်ပြဋ္ဌာန်းထားသူဖြစ်သည် - ၁ကော၊၂း၂။

B. ယောဟန်ဧဝံဂေလိစာစောင်သည် အသက်အကြောင်း စာစောင်ဖြစ်ပြီး၊ ဇာတိအသက်အကြောင်းမဟုတ်ဘဲ၊ ပို့လွှတ်ဖြန့်ဖြူးသော၊ ပုံသဏ္ဍာန်ပြောင်းလဲသော အသက်အကြောင်းဖြစ်သည်။ မူလအစတွင် ယောဟန်သည် မာရိ၏သားမဟုတ်သလို၊ မာရိသည် ယောဟန်၏ မိခင်မဟုတ်ပါ၊ သို့သော် ခရစ်တော်၏ အသက်ကိုလွှတ်မြောက်စေသော အသေခံခြင်းအားဖြင့်၊ ကိုယ်တော်၏ အသက်ကို ဝေငှဖြန့်ဖြူးသော ရှင်ပြန်ထမြောက်ခြင်းအားဖြင့်၊ သူတို့နှင့်အတူ ကိုယ်တော်၏ အသက် ပေါင်းစည်းခြင်းအားဖြင့်၊ ကိုယ်တော်၏ ချစ်စွာသော တပည့်တော်သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ ကိုယ်တော့်မိခင်၏သား ဖြစ်လာနိုင်ခဲ့၍၊ သူမသည်လည်း ကိုယ်တော်ချစ်တော်မူသော တပည့်တော်၏ မိခင်ဖြစ်လာနိုင်ခဲ့သည် - ၁၉း၂၆-၂၇။

C. ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ဆက်နွယ်တော်စပ်မှုမှာ အသွေးအသား၌ဖြစ်သည်၊ သို့သော် ဒုတိယမှာ ဝိညာဉ်၌၊ ပို့လွှတ်ဖြန့်ဖြူးခံရသောအသက်၌ ဖြစ်သည်။ ကျွန်ုပ်တို့၌ ဒုတိယမွေးဖွားခြင်း ရှိသောကြောင့် (၃း၆)၊ အမှန်ပင် ကျွန်ုပ်တို့၌ ဒုတိယ ဆက်နွယ်တော်စပ်မှု၊ စစ်မှန်သော ညီအစ်မများနှင့် စစ်မှန်သော မိခင်များဖြင့် ဒုတိယ မိသားစုဆက်နွယ်မှု ရှိကြသည်။

D. ညီအစ်မများသည် စစ်မှန်သော မိခင်များဖြစ်ရန် ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်း၏ ဝိညာဉ်ကို လေ့ကျင့်ကြမည်ဆိုလျှင် (၂ကော၊၄း၁၃) သူတို့သည် မည်မျှပင် တစ်ကိုယ်ကောင်းဆန်၍၊ မိမိတို့ကိုယ်တိုင်၌ မည်မျှပင် ရှိနေကြကြောင်း သိရှိနားလည်လာကြလိမ့်မည်ဖြစ်သည်။ ဝိညာဉ်၌ ကောင်းသော သားသမီးရှိခြင်းသည် သူတို့ကို အဆုံးစွန်အထိ လှစ်ဟထုတ်ဖော်ပေးမည်ဖြစ်သည်။ ထို့မျှမက၊ ညီအစ်မများသည် ဝိညာဉ်ရေးရာ သားသမီးအချို့ကို ဂရုစိုက်ခြင်းအားဖြင့် အသက်၌ ကြီးထွားကာ၊ ရင့်ကျက်လာကြလိမ့်မည်ဖြစ်သည်။

E. ညီအစ်မများသည် သခင်ဘုရားကို ချစ်၍၊ သခင်ဘုရား၏ပြန်လည်ရယူခြင်းရှိ အသင်းတော်အသက်တာအတွက် အမှန်ပင် ရှိလိုသည်ဆိုလျှင် သူတို့သည် မိမိတို့ကိုယ်ကို အစေခံသော သူနာပြုများ၊ အသင်းတော်သူနာပြုများအဖြစ် မှတ်ယူကာ၊ စစ်မှန်သော ဆေးရုံအဖြစ် အသင်းတော်၌ သူနာပြုစုသောသူများဖြစ်ကြရမည်ဖြစ်သည်။ ညီအစ်မများအားလုံးသည် ဆုတောင်းခြင်းအားဖြင့် အစေခံသောညီအစ်မများဖြစ်ကာ၊ အထူးမြတ်ဆုံးသောနည်းလမ်းဖြစ်သည့် ချစ်ခြင်းအားဖြင့် ချစ်ဖွယ်သော မိခင်များဖြစ်ကြရမည်၊ ယင်းမှာ လိုအပ်ချက်ရှိနေသောသူများနှင့် ငယ်ရွယ်သောသူများကို သူတို့၏ ဝိညာဉ်ရေးရာအသက်တာနှင့် အသင်းတော်အသက်တာ၌ ကူညီမစပေးရန်ဖြစ်သည်။ ဤသည်မှာ ကောင်းချီးမင်္ဂလာ၊ ကြီးထွားမှု၊ ဝိညာဉ်ရေးရာရှိခြင်းနှင့် သခင်ဘုရားကို စစ်မှန်သောမွေ့လျော်ဝမ်းမြောက်မှု ရရှိရန် အကောင်းဆုံးသော နည်းလမ်းဖြစ်သည် - ရော၊၁၆း၁-၂၊ ၁၃။ ဟေရှာ၊၆၆း၁၂-၁၃။ ၁ကော၊၁၂း၃၁ခ။ ၁၃း၄-၇။

## IV. သမ္မာကျမ်းစာက တစ်ချိန်တွင် ဘုရားသခင်၏လူများအလယ်၌ "စိတ်နှလုံးပြဋ္ဌာန်းခြင်း များကြပြီး" "စိတ်နှလုံး ရှာဖွေခြင်း များကြသည်" - သူကြီး၊၅း၁၅-၁၆။

A. ကြီးစွာ ပြဋ္ဌာန်းခြင်းမှာ ခိုင်မာသော ဆုံးဖြတ်ချက်ချခြင်းဖြစ်ပြီး၊ ကြီးစွာ ရှာဖွေခြင်းမှာ အစီအစဉ်တစ်ခုကို ဖန်တီးခြင်းဖြစ်ကာ၊ ယင်းမှာ သခင်ဘုရားကို အသက်ရှင်ရန်၊ သခင်ဘုရားကို ရှင်ထွက်ရန်ဖြစ်ကာ၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်း၌ ကိုယ်တော်၏ ခေတ်နှင့်အညီဖြစ်သော ပြန်လည်ရယူခြင်း၊ ကိုယ်တော်၏ သတို့သမီးကို ပြင်ဆင်ခြင်း၊ ကိုယ်တော်၏ နိုင်ငံတော်ကို ထင်ရှားထွက်ပေါ်လာစေခြင်းငှာ ယူဆောင်လာခြင်းတို့အတွက် ဖြစ်သည် - ၂ကော၊၅း၁၄-၁၅။ ရော၊၁၄း၇-၉။ ဗျာ၊ ၁၉း၇-၉။

B. ညီအစ်ကိုလီသည် ၁၉၄၃ ခုနှစ်က ဂျပန်စစ်ဘက်ဆိုင်ရာ ရဲအားဖြင့် ဖိနှိပ်ညှဉ်းပန်းခြင်းဖြစ်စဉ်၌ ရှိခဲ့စဉ်၊ သခင်ဘုရားသည် သူ့ကို အိပ်မက်တစ်ခုပေးခဲ့ပြီး၊ ၎င်း၌ သူသည် နံနက်ခင်း၌ အရုဏ်တက်ခြင်းကဲ့သို့ နေ့အရုဏ်တက်လာခြင်းနှင့်အတူ ကျယ်ဝန်းလှသည့် လမ်းမကြီးကို အလွန်တောက်ပစွာ၊ အလွန် ဖြောင့်တန်းစွာ၊ အကန့်အသတ်မဲ့စွာ ဖြန့်ကျက်ထားခြင်းကို မြင်မက်ခဲ့

သည်။ ဤသည်မှာ သခင်ဘုရားပြန်လည်ရယူခြင်း၏ ကျယ်ဝန်းသောအဝေးပြေးလမ်းမ၊ တက်သောနေနှင့် အကန့်အသတ်မဲ့သော အနာဂတ်ပင် ဖြစ်သည် - ညွှန်း၊ သု၊၄း၁၈။

C. ကျွန်ုပ်တို့သည် ဒေဗောရက သူမ၏သီချင်းအဆုံး၌ ဖော်ပြထားသည့်သူများကဲ့သို့ဖြစ်ရန် ပြင်းပြသောဆန္ဒနှင့် ဆုတောင်းချက်ရှိရန်လိုအပ်သည်၊ ၎င်းသည် ဘုန်းထင်ရှားသောနည်းလမ်း၌ အဆုံးသတ်ထားသည် - "ယေဟောဝါကို ချစ်သောသူတို့မူကား၊ / အရှိန်တန်ခိုးနှင့်ထွက်သွားသော နေမင်းကဲ့သို့ ဖြစ်ပါစေသော" - သူကြီး၊၅း၃၁။

1. နေသည် အရှိန်တန်ခိုးနှင့် တက်သွားခြင်းမှာ ၎င်းသည် တောက်ပစွာ၊ လင်းလက်စွာ၊ ဘုန်းထွန်းတောက်စွာ ထွန်းလင်းနေကြောင်း ဆိုလိုသည်။ အသင်းတော်များအားလုံးသည် စိတ်ပြဌာန်းခြင်းများ၊ ရှာဖွေခြင်းများနှင့် နေကဲ့သို့ ထွန်းလင်းရန်တက်သွားခြင်းတို့ကို တွေ့ကြုံခံစားကြမည်ဆိုလျှင် သူတို့သည် အမှန်ပင် သခင်ဘုရားကို သူတို့၏အောင်နိုင်ခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်ဖြစ်သည်။
2. ဖြောင့်မတ်သောနေမင်းအဖြစ် အနာငြိမ်းစေသော ခရစ်တော်နှင့်အတူ ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရသည့် အောင်မြင်သောသူများသည် မိမိတို့ ခမည်းတော်၏ နိုင်ငံတော်၌ နေမင်းကဲ့သို့ ထွန်းလင်းကြလိမ့်မည်ဖြစ်သည် - မာလ၊၄း၂။ လု၊၁း၇၈-၇၉။ မ၊၁၃း၄၃။

© 2021 Living Stream Ministry